# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [၁-၁၀-၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးနှင့် အဋ္ဌမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း -

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၇-၉-၂၀၁၃ မှ ၂၂-၉-၂၀၁၃ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံသို့ AIPA အစည်းအဝေးတက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

(ခ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၂–၉–၂၀၁၃ မှ ၂၅–၉–၂၀၁၃ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဂ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၆–၉–၂၀၁၃ မှ ၂၈–၉–၂၀၁၃ ရက်နေ့အထိ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဃ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၏ ၂၀–၉–၂၀၁၃ မှ ၂၂–၉–၂၀၁၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ကျင်းပသည့် နိုင်ငံတကာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် တရုတ်–တောင်အာရှဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လက်နက်ဖျက်သိမ်းရေး ဖိုရမ်သို့ တက်ရောက်ရန်သွားရောက်ခဲ့သည့် ခရီးစဉ်။

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၈–၉–၂၀၁၃ မှ ၁၄–၉–၂၀၁၃ ရက်နေ့အထိ ဟန်ဂေရီနိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၉–၉–၂၀၁၃ မှ ၁၂–၉–၂၀၁၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ ပါလီမန် ဘတ်ဂျက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်။

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၃–၉–၂၀၁၃ မှ ၂၇–၉–၂၀၁၃ ရက်နေ့အထိ ဥရောပပါလီမန်သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

၈။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၉။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **တပ်မတော်အင်အားတောင့်တင်းခိုင်မာရေးနှင့် ရည်မှန်းချက်များပြည့်ဝ အောင်မြင်ရေး** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **မိုးကုတ်မြို့ Ruby Land Of Myanmar သို့ Tourism Promotion Area တစ်ခုအနေဖြင့် သတ်မှတ်ပြီး သွားရောက်ခွင့်ပြုရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်တွင် တယ်လီဖုန်း အားလုံး ဆက်သွယ်ပြောဆိုမှု အဆင်ပြေစေရန် မည်သို့ဆောင်ရွက် ပေးမည်ကိုသိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်နှင့် ကာလိမြို့နယ်ခွဲအတွင်း ဖုန်းလိုင်းများမမိခြင်း၊ ပြတ်တောက်ခြင်း၊ အသံကြည်လင်မှုမရှိခြင်း၊ အလှည့်ကျပေးခြင်းတို့ကို မည်သို့ဆောင်ရွက်ပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်ဆေးရုံ၌ လက်ထောက်ဆရာဝန်တစ်ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ် ပန်းသာကျေးရွာ၊ ကွန်းတောင်းကျေးရွာ၊ ကမ္ဘကြီးကျေးရွာ၊ ဖိုင်လင်းကျေးရွာ၊ သနန်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့အား ကျန်းမာရေးဌာန၏ စံကိုက်အဆောက်အဦသစ်များ ဆောက်လုပ်ပေးရန်နှင့် ခုတင်(၁၀၀) ဆေးရုံအတွက် လူနာတင်ယာဉ်တစ်စီး ပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၁၀။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ ကုန်စည် အမှတ်အသားများ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော် သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။